# လက်ပံဇင်ကျွန်းကျေးရွာ

# ကနုကြီးကျေးရွာအုပ်စု၊ခနေဖြူမြို့နယ်

# ရောဝတီတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေး

ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ လက်ပံဇင်ကျွန်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ခနေဖြူမြို့နယ်၏

အကူအညီဖြင့်ရေးဆွဲပါသည်။)

အောက်တိုဘာလ ၊၂၀၂၄

**မာတိကာ**


စကားချီး ၁-၂

လက်ပံဇင်ကျွန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဓနုဖြူမြို့နယ် ၃

လက်ပံဇင်ကျွန်းကျေးရွာရာသီခွင်ပြက္ခဒိန်၊ဓနုဖြူမြို့နယ် ၄

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်**

(၁)နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၅-၆

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ ၇

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၇-၁၀

(က) လူဦးရေဆိုင်ရာအချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၀-၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု– လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၃-၁၄
(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၁၄-၁၅
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ ၁၆-၁၇
(၈) ဦးစားပေးစီမံချက်များနှင့်၎င်းအကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၁၈-၂၀
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ
(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၀
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၂၂-၂၃
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၃-၂၄
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာအကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ**

(၁) **လူမှုစီးပွားရေးအခြေအနေ**


| | | | |
|---|---|---|---|
| ဇယား | ၁ | လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ | ၂၆ |
| ဇယား | ၂ | လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား | ၂၇-၃၂ |
| ဇယား | ၃ | လုပ်ငန်းနှင့် ကျား၊မ အလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား | ၃၃ |
| ဇယား | ၄ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု | ၃၄ |
| ဇယား | ၅ | ခါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ | ၃၄-၃၅ |
| ဇယား | ၆ | ဥစ္စာခနေအဆင့်အခြေအနေ | ၃၆ |
| ဇယား | ၇ | ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ | ၃၇ |
| ဇယား | ၈ | ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ | ၃၈ |
| ဇယား | ၉ | ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ | ၃၉-၄၀ |
| ဇယား | ၁၀ | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု | ၄၁-၄၂ |


(၂) **ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**


| | | | |
|---|---|---|---|
| ဇယား | ၁၁ | ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ | ၄၃-၄၄ |
| ဇယား | ၁၂ | ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ | ၄၄-၄၅ |
| ဇယား | ၁၃ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု | ၄၅ |
| ဇယား | ၁၄ | ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ | ၄၆ |
| ဇယား | ၁၅ | အဓိကသီးနှံများနှင့် အထွက်နှုန်း | ၄၇ |
| ဇယား | ၁၆ | ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု | ၄၇-၄၈ |
| ဇယား | ၁၇ | သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ | ၄၈-၄၉ |
| ဇယား | ၁၈ | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ | ၅၀-၅၁ |
| ဇယား | ၁၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | ၅၁ |
| ဇယား | ၂၀ | မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၅၂-၅၃ |
| ဇယား | ၂၁ | မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | ၅၃-၅၅ |
| ဇယား | ၂၂ | စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ | ၅၅-၅၆ |
| ဇယား | ၂၃ | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ | ၅၆-၅၇ |
| ဇယား | ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ | ၅၇-၅၈ |
| ဇယား | ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း | ၅၈ |
| ဇယား | ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ | ၅၈-၅၉ |

ဇယား ၂၇ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ ၅၉
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၆၀-၆၁
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်**များ** စီမံခန့်ခွဲမှုအတွက် **၆၂**
လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း **၆၂-၆၃**
ဇယား ၃၁ ကျောင်းတက်နှုန်း **၆၃-၆၄**
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ **၆၅**
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ **၆၆**
ဇယား ၃၄ အဖြစ်များသော ရောဂါများ **၆၆-၆၇**
ဇယား ၃၅ လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု **၆၇**
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ **၆၈**
ဇယား ၃၇ သောက်သုံးရေရရှိမှု **၆၉**
ဇယား ၃၈ အိမ်သာအမျိုးအစား **၇၀**
ဇယား ၃၉ ကျား-မ ရေးရာ **၇၀-၇၁**
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ **၇၁-၇၂**
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု **၇၂-၇၃**
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး **၇၃-၇၄**
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ **၇၄**
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ **၇၄-၇၅**
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ အခြေအနေ ၇၅
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ ၇၆
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု ၇၆-၇၇
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ ၇၇
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ ၇၈**
**အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၉
**ကိုးကားစာရင်း**
အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MCRD | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄/၂၀၂၅ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသောသမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်

ဖြစ်ပါကြောင်းယုံကြည်ပါသည်။ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေး ဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

အောက်တိုဘာလ၊၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
လက်ပံဇင်ကျွန်းကျေးရွာ
ဓနုဖြူမြို့နယ်



မ
တ
န
ရ
အညွှန်း
လှည်းလမ်း
ဆေးခန်း
စေတီ
ဘုန်းကြီးကျောင်း
ရေအိုးစင်
စာသင်ကျောင်း
လူနေအိမ်
သုသာန်
ချောင်း
မြေသားလမ်း
သစ်ပင်
မြစ်
ရေးဆွဲသူ -

# လက်ပံရင်ကျွန်းကျေးရွာရာသီဥတုပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| ကိုင်း/လယ် | | | | | | | ငရုတ် | ပဲ | ပဲ | ပဲ | ပဲ | ငရုတ် |
| ကျန်းမာရေး | ဝမ်းပျက် ဝမ်းလျှော | ဝမ်းပျက် ဝမ်းလျှော | ဝမ်းပျက် ဝမ်းလျှော | သွေးလွန် တုပ်ကွေး | သွေးလွန် တုပ်ကွေး | ရာသီတုပ်ကွေး | ရာသီတုပ်ကွေး | ရာသီဖျား | ရာသီဖျား | ရာသီဖျား | ရာသီဖျား | ရာသီဖျား |
| ရေလုံလောက်မှု | ရှား | လုံ | လုံ | လုံ | လုံ | လုံ | လုံ | လုံ | လုံ | လုံ | လုံ | လုံ |
| သဘာဝဘေး | [illegible] | [illegible] | [illegible] | ရေဘေး | လေဘေး | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| အစားအစာရရှိမှု | ပေါများ | အသင့်အတင့် | ရှားပါး | ရှားပါး | ရှားပါး | ရှားပါး | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | ပေါများ | ပေါများ |
| ငွေရရှိမှု | | | | | | | | | | | | |
| ကြွေးမြီ | | | | | | | | | | | | |
| ပွဲတော် | သင်္ကြန်ပွဲတော် | ညောင်ရေသွန်းပွဲတော် | [illegible] | [illegible] ပွဲ | [illegible] ပွဲ | [illegible] | မီးထွန်းပွဲတော် | ကထိန်ပွဲတော် | [illegible] | [illegible] | ထမနဲပွဲ | ဘုရားပွဲ |

ရက်စွဲ၊ ၁၂-၇-၂၀၂၄

ရေးဆွဲသူ - မမြနုလှိုင်

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံ လုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင်ရွက် လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက် သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်အောင်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာ

လူထု၏အမှန်တကယ်လိုအပ်ချက်များနှင့်ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောဒင်းတို့၏သုတေသနလုပ်ငန်းများကိုစီစဥ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့်ဒင်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဥ်များကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဥ်မှုများပြုလာနိုင်ပါမည်။

## ၁.၂စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဥ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။ လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင် ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဥ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဥ်ကို အကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံ ကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ် မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဥ်မျိုးဖြစ်ပါသည်။

**၂။ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ**

**(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

လက်ပံဇင်ကျွန်းကျေးရွာသည် ခနုဖြူအနီး ဆည်မြောင်းရေကာတာဘေးတွင် တည်ရှိသော ကျေးရွာဖြစ်ပြီး ကျေးရွာ၏အနောက်ဘက်တွင် စားကျက်မြေများရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် ကိုင်းများနှင့် ရေဝတီမြစ်ရှိပါသည်။ ခနုဖြူမြို့နှင့် (၇)မိုင်ကျော်ကွာဝေးပြီး ကားလမ်းမကြီးနှင့် (၃)မိုင်အကွာတွင် တည်ရှိပါသည်။ မိုးရာသီ တွင်မိုးကောင်း၍ ဆောင်းနှင့်နွေသည်လည်း ရာသီဥတုအသင့် အတင့်ရှိပါသည်။ ဒေသ၏ တစ်နှစ် ပျမ်းမျှမိုးရေချိန် လက်မမှာ(၄၀)အထက်ရှိပြီး ကိုင်းမြေများကို ပြောင်း၊ ပဲနှင့် ငရုပ်တို့ကိုအဓိကစိုက်ပျိုးပြီး အသက်မွေးဝမ်း ကျောင်းပြုကြပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

လက်ပံဇင်ကျွန်း ကျေးရွာသည် ခနုဖြူမြို့နှင့်(၇)မိုင်ကျော်ဝေးကွာပြီး မြို့သို့ ကုန်းလမ်း ခရီးဖြင့် သွားလာနိုင်သောကြောင့် တည်နေရာ ကောင်းမွန်ပါသည်။ တွင်းထွက်သယံ ဇာတများ၊ သဘာဝအပင်မျိုးစိတ်များ၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရရှိနိုင်မှုမရှိပါ။ လယ်လုပ်ငန်းအတွက် နွားအသုံးပြုမှုမရှိသလောက်နည်းပါးပါသည်။ စက်များကိုသာ အသုံးပြုကြပြီး စက်များမှာလည်း အလွယ်တကူငှားရမ်းအသုံးပြုနိုင်ကြပါသည်။ ကျေးရွာတွင် နွား(၆၀)ကောင်ရှိပြီး စားကျက်မြေ အနည်းငယ်ရှိပါသည်။လက်ပံဇင်ကျွန်းကျေးရွာတွင်တွေ့ရသောဆေးဘက်ဝင်အပင်များမှာဝွေးတောက် ပင်၊ ကနဖော့ပင်၊ ဘီးစပ်ပင်၊ လောက်သေပင်၊ဘောက်ပင်၊ဆင်တုံးမနွယ်ပင်တို့ဖြစ်ပါသည်။

**၃။ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က)လူဦးရေဆိုင်ရာအချက်အလက်များ**

လက်ပံဇင်ကျွန်းကျေးရွာတွင် အိမ်ခြေ(၆၁၆)အိမ်၊ အိမ်ထောင်စု(၆၁၆)နှင့် လူဦးရေ(၂၅၇၈)ဦး၊ ကလေးငယ်အရွယ်(၇)%၊ ကျောင်းနေအရွယ်(၁၄)%၊ အလုပ်လုပ်နိုင်သောအရွယ်(၇၀)%၊ သက်ကြီး ရွယ်အို(၉)% ရှိပါသည်။ တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏တစ်အိမ်ထောင် ပျမ်းမျှနှုန်း ၅ဦးထက် လျော့နည်းသည်။ ကျေးရွာတွင်ဗမာလူမျိုးများနေထိုင်ကြပါသည်။ ကျေးရွာတွင် အမျိုးသား (၁၂၃၈)ဦး၊ အမျိုးသမီး(၁၃၄၀)ဦး ရှိသဖြင့် ကျားမအချိုးများပြားစွာကွာဟမှုမရှိသောကြောင့် အမျိုးသမီးများလုပ် ကိုင်နိုင်သည့်အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကိုဖန်တီး ပေးနိုင်ပါကလူ့စွမ်းအား အရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမို အထောက်အကူပြုစေနိုင်ပါမည် ။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု**

ကျေးရွာတွင်ကိုင်းစိုက်ပျိုးရေးကိုအများဆုံးလုပ်ကိုင်ကြပြီးမိသားစုအပိုဝင်ငွေရရှိရေးတစ်ပိုင်တစ် နိုင်ကြက်၊ ဘဲ၊ ဝက်မွေးမြူခြင်း၊ ရာသီအလိုက်လယ်ယာလုပ်ငန်းခွင်တွင်ကျပန်း အလုပ်လုပ်ကိုင်ခြင်း၊ လက်သမား၊ပန်းရံ ၊ အရောင်းအဝယ်လုပ်ငန်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ ကိုင်းလုပ် ငန်းအဓိကလုပ်ကိုင်သူ(၁၁)%၊ ကိုင်းလုပ်ငန်းများတွင်ရာသီအလိုက်နေ့စားအလုပ်လုပ်ကိုင်သူ (၅)%၊

ရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**လက်ပံဇင်ကျွန်း**ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ ကိုင်းမြေကေ(၁၀၉၂)ကေ၊ စားကျက်မြေ(၄၂)ကေ၊စုစုပေါင်းလယ်၊ယာ၊ မြေပိုင်ဆိုင်းမှုကေ(၁၁၃၄)ကေဖြစ်ကြောင်း၊ ယာမြေ၊ခြံမြေ၊ ဓနိတောမြေ၊ မြေလွတ်မြေလပ်များ မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ လက်ပံဇင်ကျွန်းကျေးရွာ၏ ဥစ္စာဓနအဆင့်မှာ အဆင်ပြေသော အိမ်ထောင်စု(၁၃၉)အိမ်(၂၃%)၊အလယ်အလတ်ရှိသော အိမ်ထောင်စု(၂၄၆) အိမ်(၄၀%)၊ ဆင်းရဲသော အိမ်ထောင်စု(၂၀၀)အိမ်(၃၂%)၊ အလွန်မပြေလည်သော အိမ်ထောင်စု(၃၁)အိမ် (၅) %ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ လက်ပံဇင်ကျွန်းကျေးရွာတွင် အိမ်ထောင်စု(၆၁၆) အနက် မြေယာမဲ့ အိမ်ထောင်စု (၆၆)% ရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။

လက်ပံဇင်ကျွန်းကျေးရွာသည် ကိုင်းလုပ်ငန်းကို အဓိကလုပ်ကိုင်သော ဒေသဖြစ်သဖြင့်လယ်ယာစိုက်ပျိုး ရေးသုံးစက်ကိရိယာများပိုင်ဆိုင်မှုမှာ လက်တွန်းထွန်စက်(၆၈)စီး၊ ရေစုပ်စက်(၃၃၄)စီး၊ မြက်ရိတ်စက် (၁၅၈)စီးဖြစ်ပါသည်။ ကျေးရွာမှ စုပေါင်း၍ အသုံးပြုရန် အတွက် ရွာပိုင်၊အဖွဲ့ပိုင်စက်ကိရိယာ များမရှိ ကြောင်းလေ့လာတွေ့ရှိရပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

လက်ပံဇင်ကျွန်းကျေးရွာရှိ အိမ်ထောင်စုပေါင်း(၆၁၆)အနက် (၃)လနှင့်(၆)လကြားဝမ်းစာမဖူလုံ၍ လုပ်အားခကြိုယူ၍စားဝတ်နေရေးဖြေရှင်းနေရသောအိမ်ထောင်စု(၆၉)စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

လက်ပံဇင်ကျွန်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို(၆၄)နှစ်နှင့်အထက်ဦးရေ၊ မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်မရှိကြောင်း၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု(၆၄)အိမ်ရှိကြောင်း၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု (၂၃)စုရှိကြောင်း၊ အခြားဒေသသို့ကြာမြင့်စွာသွားရောက်လုပ်ကိုင်နေသော ဆင်းရဲသည့် အိမ်ထောင်စု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

လက်ပံဇင်ကျွန်းကျေးရွာသည် သဘာဝရင်းမြစ်(မြေ၊စိုက်ပျိုးရေ)ရှားပါးမှု၊မိုးခေါင်မှု၊အအေးလွန်ကဲမှု၊ ပြင်းထန်သောမုန်တိုင်း၊လျှော့ဒဏ်၊ မီးဘေး၊သစ်တောပြုန်းတီးမှု၊ငှက်ဖျားရောဂါ၊ကိုယ်ခံအားကျဆင်းမှုရောဂါ၊ ကျေးရွာတွင်းပဋိပက္ခ၊ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု၊ လူကုန်ကူးမှုစသည့် ထိခိုက်မှုမျိုးမရှိကြောင်း၊ လယ်ယာမြေဆုံးရှုံးမှုအိမ်နေရာအရွှေ့အပြောင်းများမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

လက်ပံဇင်ကျွန်းကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရသူများအတွက် အုပ်စုကဏ္ဍအလိုက်ခွဲခြားသတ်မှတ် ရာတွင်မြေယာမဲ့ဆင်းရဲသားတောင်သူ ကျပန်းအလုပ်သမားများနှင့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော်လည်း ထိခိုက် သက်ရောက်မှုနိမ့်ကြောင်း၊ လူငယ်များသည်အရက်သေစာသောက်စားမှုရှိသောကြောင့် ထိခိုက်သက်ရောက်မှု အနည်းအကျဉ်း သာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

## (ဃ) ကျန်းမာရေးနှင့်အာဟာရ

လက်ပံဇင်ကျွန်းကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှလွဲပြီးအခြားရောဂါဘယဖြစ်ပွားမှုနည်းပါးကြောင်း၊ ရာသီချိန်များတွင်ဖြစ်တတ်သည့်ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးစသည့်ရောဂါဖြစ်ပွားမှု အနည်းအကျဉ်းရှိသော်လည်းပျံ့နှံ့ကူးစက်မှုအန္တရာယ်မရှိကြောင်း၊ ကျေးရွာသည်အိမ်ခြေများပြီးလူနေထူထပ်သောကြောင့် ကျေးရွာအတွင်း ကျေးလက်ဆေးပေးခန်းလိုအပ်ချက်ရှိပါသည်။

လက်ပံဇင်ကျွန်းကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း၌မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းများနှင့် အခြား စုပေါင်းကာကွယ်ဆေးအနေဖြင့် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ကိုဗစ်ရောဂါကာကွယ်ဆေး၊ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံမှုများရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

လက်ပံဇင်ကျွန်းကျေးရွာတွင်စာမတတ်သူဦးရေ ကျား(၉၇)ဦး၊ မ(၈၉)ဦး၊ စုစုပေါင်း(၁၈၆)ဦးရှိကြောင်း၊ မူလတန်းအဆင့်ရှိသူဦးရေကျား (၅၆၈)ဦး၊ မ(၆၈၁)ဦး၊ စုစုပေါင်း (၁၂၄၉)ဦးရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူဦးရေ ကျား(၂၃၅)ဦး၊ မ(၂၂၈)ဦး၊ စုစုပေါင်း(၄၆၃)ဦးရှိကြောင်း၊ အထက်တန်းအဆင့်ရှိသူဦးရေကျား(၆၁)ဦး၊ မ(၅၆)ဦး၊ စုစုပေါင်း (၁၁၇)ဦးရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူဦးရေကျား(၂၁)ဦး၊ မ(၅၀)ဦး၊ စုစုပေါင်း(၇၁)ဦး ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

လက်ပံဇင်ကျွန်းကျေးရွာ၌ လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့်ကျား(၈၆)ဦး၊မ(၁၀၀)ဦး၊စုစုပေါင်း(၁၈၆)ဦးရှိကြောင်း၊ အလယ်တန်းအဆင့်ကျား(၉၇)ဦး၊မ(၇၆)ဦး၊ စုစုပေါင်း (၁၇၃)ဦးရှိကြောင်း၊ အထက်တန်းအဆင့် ကျား(၁၈)ဦးမ(၁၈)ဦးစုစုပေါင်း(၃၆)ဦးရှိကြောင်း ၊တက္ကသိုလ်/ကောလိပ် အဆင့် ကျား(၅)ဦး၊မ(၁၂)ဦး၊စုစုပေါင်း(၁၇)ဦး တို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

လက်ပံဇင်ကျွန်းကျေးရွာရှိကျား၊မရေးရာအခန်းကဏ္ဍပါဝင်နှင့်ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်သော်လည်း အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှုအခြေအနေမျိုး မရှိကြောင်း၊ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများမရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတ မှုဆိုင်ရာများအတွက် ကျေးရွာသူကျေးရွာသားများ ထိုက်သင့်သလောက် အသိမြင်ရှိပါကြောင်းလေ့လာတွေ့ရှိရပါသည်။

လက်ပံဇင်ကျွန်းကျေးရွာသည် ကိုင်းလုပ်ငန်းကိုအဓိကလုပ်ကိုင်သော ကျေးရွာ ဖြစ်သဖြင့် ကိုင်းလုပ်ငန်းများတွင်ရာသီအလိုက် နေ့စားလုပ်ကိုင်ကြသည့် ယောကျာ်းလေးများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ(၁၀၀၀၀)ကျပ်၊ မိန်းကလေးများ၏လုပ်အားခနှုန်းထားအများဆုံးမှာ (၈၀၀၀)ကျပ် ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင်သီးသန့်အဖွဲ့အစည်းဖွဲ့စည်းထားသော ဘာသာရေးအဖွဲ့အစည်းရှိပြီး ၄င်းအဖွဲ့အစည်းသည်ကျေးရွာတွင်းရှိလူမှုရေး၊စီးပွားရေး၊သာရေး၊နာရေးကိစ္စရပ်များဝင်ပါဝင်ဆောင်ရွက်ကြပါသည်။ကျေးရွာသူကျေးရွာသားများသည်ဗမာလူမျိုးများဖြစ်ကြပြီး ဘာသာရေးလုပ်ငန်းများ ကိုစိတ်အားထက်သန်စွာဆောင်ရွက်ကြပါသည်။

**လက်ပံဇင်ကျွန်း**ကျေးရွာတွင် ဖွဲ့စည်းထားသောကျေးရွာတွင်း အဖွဲ့အစည်းများမှာ အဖွဲ့ဝင်(၁၈)ဦးဖြင့် ဖွဲ့စည်းထားသော မိဘဆရာအသင်း၊အဖွဲ့ဝင်(၂၁)ဦးဖြင့်ဖွဲ့ထားသော ဂေါပကအဖွဲ့၊ အဖွဲ့ဝင်(၃၅)ဦးဖြင့်ဖွဲ့စည်းထားသော မီးကော်မတီအဖွဲ့၊ အဖွဲ့ဝင်(၈၄)ဦးဖြင့်ဖွဲ့စည်းထားသော လူမှုရေးအဖွဲ့၊ အဖွဲ့ဝင်(၁၀)ဦးဖြင့်ဖွဲ့စည်းထားသော လမ်းကော်မတီအဖွဲ့တို့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ**

လက်ပံဇင်ကျွန်းကျေးရွာသည် ကိုင်းစိုက်ပျိုးရေးကိုအဓိကထားလုပ်ဆောင်သော ကျေးရွာ ဖြစ်ပါသည်။ ကိုင်းတွင် ပြောင်း၊ ပဲနှင့် ငရုပ်တို့ကို အဓိကစိုက်ပျိုးကြပါသည်။ ပဲစိုက်ဧက(၄၀၀)ဧကရှိပြီး ပဲ(၁)ဧကလျှင် (၂၂.၅)တင်းထွက်ရှိကြောင်း၊ ငရုပ်စိုက်ဧက (၃၀၀)ဧကရှိပြီး ငရုပ်(၁)ဧကလျှင် (၁၇၅၀) ပိဿာ ထွက်ရှိကြောင်း၊ ပြောင်းစိုက်ဧက(၄၀၀)ဧကရှိပြီး ပြောင်း(၁)ဧကလျှင် (၁၁၅)တင်း ထွက်ရှိကြောင်း၊ လေ့လာတွေ့ရှိရပါသည်။

လက်ပံဇင်ကျွန်းကျေးရွာ၏သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းကောင်းများမှာ ကိုင်းစိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်သော ဒေသဖြစ်သဖြင့် ကိုင်းမြေကို ကောင်းစွာအသုံးချကြခြင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်သောဓါတုပိုးသတ်ဆေး၊ဓါတ်မြေသြဇာနှင့်အခြား ဓါတုဗေဒသွင်းအားစုများ ဝယ်ယူရရှိနိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးသုံးချေးငွေတို့ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သောသွင်းအားစုရေကို အဝီစိတွင်းများမှတိုက်ရိုက်ရရှိနိုင်ခြင်း၊ လယ်မြေများမှမြေဆီလွှာ ကောင်း မွန်ပါသည်။

လက်ပံဇင်ကျွန်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှုမှာ နွားအကောင်ရေစုစုပေါင်း (၆၀)ကောင်၊ နွားမွေးမြူသောအိမ်ထောင်စု(၃၅)အိမ်၊ မြင်းမွေးမြူသူ(၂)အိမ်၊ (၄)ကောင်၊ ဝက်မွေးမြူသူ(၂၉)အိမ်၊ (၁၀၃)ကောင်၊ ကြက်မွေးမြူသူ အိမ်ထောင်စု(၄၈)အိမ်၊ (၁၁၀၉)ကောင်၊ ဘဲမွေးမြူသူ အိမ်ထောင်စု(၃၆)အိမ်၊ (၃၁၇)ကောင်ရှိကြောင်း၊ ငါးကန်မွေးမြူသူ(၈)အိမ်မှ ငါးကန်(၈)ကန်ရှိကြောင်း၊ ချောင်းမှရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ(၂၆)အိမ်ရှိကြောင်း ၊ ကမ်းလွန်ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူ (၆) အိမ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

လက်ပံဇင်ကျွန်းကျေးရွာသည် ချောင်းရှိပြီး တစ်ပိုင်တစ်နိုင် ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်ပြီး မိသားစုဝမ်းရေဖြေရှင်းသောအိမ်ထောင်စုအနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

လက်ပံဇင်ကျွန်းကျေးရွာတွင် ကိုင်းစိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီးမိသားစု အပိုဝင်ငွေရရှိရေး ရာသီအလိုက်လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းအလုပ်လုပ်ကိုင်ခြင်း၊ ဆိုင်ကယ်ကယ်ရီအငှားလိုက်ခြင်း၊ အရောင်းအဝယ်လုပ်ငန်း၊ လက်သမားပန်းရံလုပ်ငန်းများ၊ အပ်ချုပ်စက်ချုပ် လုပ်ငန်းများစက်ပြင်ဆင်ရေးလုပ်ငန်းများ လုပ်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ ကိုင်းလုပ်ငန်း အဓိကလုပ်ကိုင်သူ(၄၇)%၊ ကိုင်းလုပ်ငန်းများတွင်ရာသီအလိုက်နေ့စား အလုပ် လုပ်ကိုင်သူ (၂၀)%ရှိကြောင်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ (၁၂)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

လက်ပံဇင်ကျွန်းကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းမြစ်များစီမံခန့်ခွဲမှုစနစ်၌ လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့မှ ထွက် ရှိသော အမှိုက်များအားမြေစာအဖြစ်ပြန်လည်သုံးစွဲခြင်းများ ပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအားတစ်ဦးချင်း တစ်ယောက်ချင်းစနစ်တကျစွန့်ပစ်ကြခြင်းများ ပြုလုပ်ကြသော်လည်း ကျေးရွာအဆင့်သီးသန့်နေရာစီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုးဖြစ်ပွားမှု အန္တရာယ်မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာစိုက်ခင်းများ တွင်ဖျက်ပိုးကျရောက်မှုဆိုးရွားကြောင်း၊ ဖျက်ပိုးကျရောက်မှုကို ကာကွယ်ရန် သဘာဝမြေသြဇာ သုံးစွဲမှုနည်းပါးပြီး အလွယ်တကူအသုံးပြုနိုင်သောပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ရှိကြောင်း၊ စိုက်ပျိုးရေး မျိုးကောင်း မျိုးသန့်များရရှိရေးလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

လက်ပံဇင်ကျွန်းကျေးရွာတွင် ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုရရှိမှုမှာ လယ်သမားများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေး ချေးငွေ(အတိုးနှုန်းပြား၈၀)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသုံးစွဲကြကြောင်း၊ ပုဂ္ဂလိချေးငွေအနည်းအကျဉ်းသာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ နီးစပ်ရာဆွေမျိုးများဆီမှ ချေးယူသူများရှိပြီး ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက်ချေးယူကြကြောင်းတွေ့ရှိရပါသည်။ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ၏အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးတင်ရှိမှုနည်းပါးကြောင်း တွေ့ရ သည်။

## (စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

လက်ပံဇင်ကျွန်းကျေးရွာသည် သောက်သုံးရေနှင့်ပတ်သက်၍ သောက်သုံးရေလုံလောက်မှုရှိသည်ကို တွေ့ရှိရပါသည်။ အဝီစိတွင်းများနှင့် တုံကင်တွင်းများတို့ကို အဓိက သောက်သုံးရေအဖြစ်အသုံးပြုကြကြောင်း၊ ကျေးရွာတွင် သန့်ရှင်းသောရေလောင်း/ယင်လုံအိမ်သာ သုံးစွဲသူ(၆၁၆)အိမ်ရှိကြောင်း၊ အိမ်သာမရှိသည့်အိမ်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဆ)လူငယ်နှင့်ယဉ်ကျေးမှု

လက်ပံဇင်ကျွန်းကျေးရွာတွင်းရှိ လူငယ်များသည်သာရေး၊ နာရေးနှင့်ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင် တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတွင်းတွင်နေထိုင်သောသူများမှာ ဗုဒ္ဓဘာသာဝင်များဖြစ်သောကြောင့် ဘုရားပွဲ၊ ကထိန်ပွဲများ ကျင်းပဆောင်ရွက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဇ) အခြေခံအဆောက်အဦး – လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

လက်ပံဇင်ကျွန်းကျေးရွာတွင်း လမ်းတည်ရှိမှုအခြေအနေမှာ ကျေးရွာတွင်းလမ်းများသည် ကွန်ကရစ် လမ်းများဖြစ်သော်လည်း ကျဉ်းမြောင်းခြင်း၊ အချို့နေရာများတွင် ကျိုးပဲ့ပျက်စီးခြင်းများရှိနေခြင်းကြောင့် မိုးတွင်းကာလများတွင် သွားလာမှုတစ်ခါတစ်ရံခက်ခဲသည်ကို တွေ့ရှိရပါသည်။

လက်ပံဇင်ကျွန်းကျေးရွာတွင် ရွာချင်းဆက်ကွန်ကရစ်တံတား(၁)စင်းရှိပြီး တံတားအားကောင်းမွန်စွာ အသုံးပြုနိုင်ပါကြောင်း၊ ထိုတံတားမှာ နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး လွယ်ကူစွာ သွားလာဆက်သွယ်နိုင်သည့်အတွက်ကြောင့် အဆင်ပြေပါကြောင်း လေ့လာတွေ့ရှိရပါသည်။

လက်ပံဇင်ကျွန်းကျေးရွာသည် လက်ရှိတွင် လျှပ်စစ်မီးအသုံးပြုသူအိမ်ထောင်စု(၁၁၉)အိမ်၊ (၁၉)%၊ လျှပ်စစ်မီးအသုံးမပြုနိုင်သူအိမ်ထောင်စု (၂၁၅)အိမ်(၃၅)%ရှိကြောင်း၊ ဆိုလာအသုံးပြုသူအိမ်ထောင်စု (၂၈၂)အိမ်၊ (၄၆)%ရှိကြောင်း၊ ကျေးရွာသည် နိုင်ငံတော်မှ လျှပ်စစ်ဓါတ်အားလိုင်းရရှိသောကြောင့် အိမ်ထောင်စုအနည်းငယ်သာ ဆိုလာစနစ်ဖြင့် သုံးစွဲခြင်းတို့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

လက်ပံဇင်ကျွန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များရရှိရေးအတွက် ဖုန်း (၅၆၅)လုံး၊ ရေဒီယို(၂၄)လုံး၊တီဗွီ(၂၇၇)၊ဂြိုလ်တုစလောင်း(၂၈၁)လုံး၊ mpt၊ telenol၊ooredoo၊mytel ဆက်သွယ်ရေးလိုင်းအားလုံးဖြင့်ဆက်သွယ် အသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

လက်ပံဇင်ကျွန်းကျေးရွာသည် စားသောက်ကုန် (ကုန်စိမ်း၊ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ စသည့်ပစ္စည်းစုံဝန်ဆောင် မှုများအတွက် ဓနုဖြူမြို့သို့ ဆိုင်ကယ်၊ စက်လှေတို့ဖြင့်ဆက်သွယ်သွားလာကြကြောင်း လေ့လာ တွေ့ရှိရပါသည်။

## (ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

လက်ပံဇင်ကျွန်းကျေးရွာတွင် လူကုန်ကူးမှု၊အကြမ်းဖက်မှုများလုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲမှုနှင့် ပတ်သက်၍အရက်သေစာသောက်စားခြင်းအနည်းငယ်မျှသာရှိပါသည်။ခိုးဆိုးလုယက်မှုများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

လက်ပံဇင်ကျွန်းကျေးရွာသည် ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT,Telenor,Ooredoo ကဲ့သို့ သော ဖုန်းလိုင်းများမိသောကြောင့်အလွယ်တကူဆက်သွယ်နိုင်ပြီးကျေးရွာသူ/ ကျေးရွာသားများမှာ ဖုန်းဖြင့် Internetပင် အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက်လည်း အလွယ် တကူ အကြောင်းကြားကာအကူအညီရယူနိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။

## ၅။ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေများ

လက်ပံဇင်ကျွန်းကျေးရွာတွင် အထက်တန်းကျောင်းခွဲစာသင်ကျောင်းနှင့် ဘုန်းတော်ကြီး ကျောင်းတို့ရှိကြောင်း၊ ကျေးရွာသည် ဓနုဖြူနှင့် မနီးမဝေးတွင် တည်ရှိပါသောကြောင့် ကျေးရွာ၏ တည်နေရာ အနေအထားကောင်းမွန်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

လက်ပံဇင်ကျွန်းကျေးရွာ ရွာအဝင်တွင်ကွန်ကရစ်တံတား၊ ရွာထိပ်တွင် နားနေရိပ်သာ၊ ရွာထိပ် အဝင်လမ်းတွင် အထက်တန်းကျောင်းခွဲစာသင်ကျောင်း၊ ရွာတွင်းလမ်း(၄)လမ်းမှာလည်း ကွန်ကရစ် လမ်းများဖြစ်ပြီး အဝေးပြေးလမ်းမကြီးအနီးတွင် တည်ရှိပါသောကြောင့် ကျေးရွာသည် သင့်တင့်သော ကျေးရွာဖြစ်ပါသည်။

**(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု**

လက်ပံဇင်ကျွန်းကျေးရွာတွင်းလမ်းများမှာ ကွန်ကရစ်လမ်းများဖြစ်သော်လည်း ကျိုးပဲ့ပျက်စီးနေသဖြင့် ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ကျေးရွာသူကျေးရွာသားများအတွက် အတိုးနှုန်းသက်သာသောငွေကြေးဝန်ဆောင်မှုမရရှိကြောင်း၊ ကျေးရွာအိမ်ခြေ(၆၁၆)အိမ်အနက် (၁၁၉)အိမ်သာ လျှပ်စစ်မီးရရှိခြင်းကြောင့် ကျန်သောအပိုင်းအတွက် လျှပ်စစ်မီးအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကျေးရွာစာသင်ကျောင်းမှာ အထက်တန်းကျောင်းခွဲရှိပြီး စာသင်ဆောင်နှင့် ကျောင်းသားဦးရေ လုံလောက်မှုမရှိသည့်အတွက် ကျောင်းဆောင်သစ်လိုအပ်ပါကြောင်း၊ ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ဆောင်မှုအားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

**၆။ပန်းတိုင်နှင့်မဟာဗျူဟာ**

**(က)ဖွံ့ဖြိုးရေးပန်းတိုင်**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်-

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကွန်ကရစ်ဘီးလမ်း ၂(၉၂၅'x၃'x၆") လမ်းအား ပြုလုပ်ဆောင်ရွက်နိုင်ရမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးလက်ဆေးပေးခန်း (၄၀'x၃၀') တည်ဆောက်နိုင်ရမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာသင်ကျောင်းဆောင်သစ် (၁၀၀'x၆၀') တိုးချဲ့ဆောက်လုပ်နိုင်ရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည်လျှပ်စစ်မီးလင်းရေးလုပ်ငန်း(၄၈၀၀')(မီးကြိုး၊မီးတိုင် ၄၀)အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။

က.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း(၆၁၆)ဦး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည်အထက်တွင်ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်-

ခ.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကွန်ကရစ်ဘီးလမ်း ၂(၉၂၅'x၃'x၆") လမ်းအားပြုလုပ် ဆောင်ရွက်နိုင်ရေး ကျေးလက်ဦးစီးဌာနအား တင်ပြအကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

ခ.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးလက်ဆေးပေးခန်း (၄၀'x၃၀') တည်ဆောက်နိုင်ရေး ကျန်းမာရေးဦးစီးဌာနအား တင်ပြအကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

ခ.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာသင်ကျောင်းဆောင်သစ် (၁၀၀'x၆၀') တိုးချဲ့ဆောက်လုပ်နိုင်ရေး ပညာရေးဌာနအား တင်ပြအကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

ခ.၄)ကျွန်ုပ်တို့ကျေးရွာလူထုသည်လျှပ်စစ်မီးလင်းရေးလုပ်ငန်း(၄၈၀၀')(မီးကြိုး၊မီးတိုင် ၄၀)ဆောင်ရွက်နိုင်ရေး လျှပ်စစ်ဦးစီးဌာနအား တင်ပြအကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

ခ.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း(၆၁၆)ဦး ရရှိရေး ကျေးလက်ဦးစီးဌာန အား တင်ပြအကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**၇။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များများနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့်အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအားနည်းပညာ အထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များ ကိုနိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှု များကိုပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ် ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာဦးစားပေးစီမံချက်များနှင့်ဘတ်ဂျတ်ပမာဏပါဝင်သည့်နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) ကျေးရွာတွင်းလမ်းကွန်ကရစ်ဘီးလမ်းခင်းခြင်း**

ကျေးရွာတွင်းလမ်းများမှာ ကွန်ကရစ်လမ်းများ ဖြစ်သော်လည်း လမ်းမှာကျဉ်းမြောင်းပြီး ကွန်ကရစ်လမ်းများပေါက်ပြဲနေခြင်း၊ အချိန်မရွေးသွားလာရန် အခက်အခဲရှိသောကြောင့် ရာသီမရွေး ကျောင်းသား/ကျောင်းသူများ၊ ကျေးရွာသူကျေးရွာသားများ၊ ရဟန်းရှင်လူများအားလုံး ဆက်သွယ်သွားလာရေးအခက်အခဲများရှိနေသောကြောင့် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

**(ဂ) ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း**

လက်ပံဇင်ကျွန်းကျေးရွာတွင် ကျေးရွာလူဦးရေထူထပ်ပြီး ကျေးရွာအတွင်း ကျန်းမာရေးဝန်ဆောင်မှုကောင်းများ မရရှိခြင်းကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ အဆင်ပြေမှုရှိစေရန် ကျေးလက်ဆေးပေးခန်းတည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားပါမည်။

**(ဃ) စာသင်ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်ခြင်း**

လက်ပံဇင်ကျွန်းကျေးရွာတွင် အထက်တန်းကျောင်းခွဲစာသင်ကျောင်းရှိပြီး လက်ရှိစာသင်ကျောင်းဆောင်နှင့် ကျောင်းသားဦးရေမှာ ညီမျှမှုမရှိသဖြင့် စာသင်ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ရန်လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) လျှပ်စစ်မီးလင်းရေးလုပ်ငန်း**

လက်ပံဇင်ကျွန်းကျေးရွာရှိ အိမ်ခြေ(၆၁၆)အိမ်အနက် အိမ်ခြေ (၁၁၉)အိမ်သာ လျှပ်စစ်မီး ရရှိသည့်အတွက် ကျန်သောအိမ်ခြေများ လျှပ်စစ်မီးရရှိနိုင်ရေးအတွက် ၄၀၀ဗို့ဓါတ်အားလိုင်း (၄၈၀၀’) (မီးကြိုး ၊ မီးတိုင် ၄၀)တည်ဆောက်ရန် လိုလားနေကြောင်း လေ့လာတွေ့ရှိပါသည်။

**(စ) မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေလိုအပ်ခြင်း**

လက်ပံကျေးရွာတွင် ကိုင်းသမားများမှ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ချေးငွေနှင့် ပြင်ပပုဂ္ဂလိကချေးငွေများ အနည်းအကျဉ်း ရှိပြီး အတိုးနှုန်းသက်သာသော ချေးငွေများမရရှိခြင်းကြောင့် ကိုင်းစိုက်ပျိုးရေးသမားများနှင့် ကျေးရွာတွင်းရှိ လုပ်သားများ အတိုးနှုန်းသက်သာသော ချေးငွေ ရရှိစေရန် မြစိမ်းရောင်စီမံကိန်းချေးငွေလိုအပ်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၈။ စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည်အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့်စီမံချက်များသည်ငါးနှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသောပန်းတိုင်များကိုရောက်ရှိရန်ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာအဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာစီမခံချက်ကာလအတွက်ပြင်ဆင်ပြုစုကြသည့် ကာလကဖော်ထုတ်၊ဦးစားပေးတန်းစီခဲ့ကြသည့်စီမံချက်များသည်မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာကျေးရွာလူထုသည်နှစ်နှစ်၊သုံးနှစ်တာကာလစီမံချက်များအတွက်မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်းငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်းဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည်ပြင်းထန်သောသဘာဝဘေးအန္တ ရာယ်ကဲ့သို့ထိခိုက်စရာများမပေါ်ပေါက်ပါကအနည်းနှင့်အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ပဲနောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ထို့ကြောင့်ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံ ချက်၏ဗျူဟာမြောက်မူဘောင်အတွင်းနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွားကြပါ မည်။

### (ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကိုစီမံချက်ဆိုင်ရာအချက်အလက်များကိုစီစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functionalclassification)ဖြင့်ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက်သက်ဆိုင်ရာ လုပ်ငန်း များအလိုက်ဆောင်ရွက်ဘွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍အကုပ်စုသတ်မှတ်ခြင်း (Economic classification)သည်စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင် ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍ အပိုင်းအခြားများကိုသိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကိုဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုသ ည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့်ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များဦးစားပေးအ စီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့ များအစည်းများနှင့် အခြားအေဂျင်စီများထံမှနည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) ကျေးရွာတွင်းလမ်းကွန်ကရစ်ဘီးလမ်းခင်းခြင်း၂(၉၂၅'x၃'x၆")

(၂) ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း(၄၀'x၃၀')

(၃) စာသင်ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်ခြင်း(၁၀၀'x၆၀')

(၄) လျှပ်စစ်မီးလင်းရေးလုပ်ငန်း(၄၈၀၀')(မီးကြိုး၊ မီးတိုင် ၄၀)

(၅) မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေလိုအပ်ခြင်း(၆၁၆ ဦး)

**(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ**

အောက်ပါဇယားတွင်လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏အချိန်ဇယားကိုဖော်ပြထားပါသည်။ဤအစီအစဉ်ကိုနှစ်အလိုက်လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်းထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းလမ်းကွန်ကရစ်ဘီးလမ်းခင်းခြင်း ၂(၉၂၅'x၃'x၆") | ၁ | ✔ | | | | |
| ၂။ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း(၄၀'x၃၀') | ၂ | | ✔ | | | |
| ၃။ | စာသင်ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်ခြင်း(၁၀၀'x၆၀') | ၃ | | | ✔ | | |
| ၄။ | လျှပ်စစ်မီးလင်းရေးလုပ်ငန်း(၄၈၀၀')(မီးကြိုး၊ မီးတိုင် ၄၀) | ၄ | | | | ✔ | |
| ၅ | မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေလိုအပ်ခြင်း(616 ဦး) | ၅ | | | | | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသောစီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည်ရည်ညွှန်းနမူနာ(indicative)အဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။အမှန်တကယ်လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန်အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည်တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှဘတ်ဂျတ်အပါအဝင်စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင်ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။(ငွေသားမဟုတ်သောထည့်ဝင်မှု၊ဥပမာလုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန်စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | ကျေးရွာတွင်းလမ်းကွန်ကရစ်ဘီးလမ်း ခင်းခြင်း ၂(၉၂၅’x၃’x၆”) | | | ✔ | | |
| ၂။ | ကျေးလက်ဆေးပေးခန်းတည်ဆောက် ခြင်း(၄၀’x၃၀’) | | | ✔ | | |
| ၃။ | စာသင်ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ခြင်း (၁၀၀’x၆၀’) | | | ✔ | | |
| ၄။ | လျှပ်စစ်မီးလင်းရေးလုပ်ငန်း (၄၈၀၀’) (မီးကြိုး၊ မီးတိုင် ၄၀) | | | ✔ | | |
| ၅ | မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေလိုအပ်ခြင်း(616 ဦး) | | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင် အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ပညာရေးအရည် အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင်ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကို လည်းရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည်မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန်မြို့ နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန်မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက်အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက်ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့်သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်များ၊လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖေါ်ပြထား သောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီး ကြပ်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။

အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

**၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့်တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှအသုံးပြုခ ကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက်လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီ၊အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ကျောင်းပြုပြင်ရေးအတွက် ကျောင်းကော်မတီတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင်တိုးတက်မှုအခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ကြီးကြပ် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကိုပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန်ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန်သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့်ကျွန်ုပ်တို့သည်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress)နှင့်ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ် တကျကြီးကြပ်စစ်ဆေးပါမည်။၎င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့်သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည်မိမိတို့၏စီမံကိန်းဆိုင်ရာကနဦး သတင်းအချက်အလက်များ(Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်း အချက်အလက်များ သည်စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့်အညွှန်းကိန်း(indicator)များဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန် တိုင်းတွင်ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၄င်းတို့၏ကြီးကြပ်စစ် ဆေးတွေ့ရှိမှုအစီရင်ခံစာ (monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင် ရွက်ရမည့်ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှဦးဆောင်ပါမည်။

(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည်
အောက်ပါအချက်များအပေါ်ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့်ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့်အခြားပစ္စည်းလက်ကျန်၊
